**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

[https://nugmyanmar.org](https://nugmyanmar.org)

**ကြေညာချက်အမှတ်(၁၆/၂၀၂၂)**

## တမူးမြို့တွင် အိန္ဒိယနိုင်ငံသားနှစ်ဦးသတ်ဖြတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

**၂၀၂၂ ခုနှစ် ဇူလိုင်လ (၈) ရက်**

၁။ ၂၀၂၂ ခုနှစ် ဇူလိုင်လ (၅) ရက်၊ မွန်းလွဲ (၁) နာရီခန့်တွင် တမူးမြို့ စော်ဘွားရပ်ကွက်၊ အမက (၄) ကျောင်း အနီး၌ အိန္ဒိယနိုင်ငံသားများဖြစ်သော Mr. P. Mohan (၂၈ နှစ်) နှင့် Mr Aiyanar (၃၅ နှစ်) တို့အား အကြမ်းဖက်စစ်ကောင်စီ၏ထောက်တိုင်ဖြစ်သော ပျူစောထီးအဖွဲ့ဝင်များက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စိတ်မကောင်းစွာ သိရှိရသည်။ ထို့ပြင် ၎င်းတို့၏ရုပ်ကလာပ်များကို ကျန်ရစ်သူ မိသားစုများအားပြန်လည်လွှဲပြောင်းအပ်နှံပေးခြင်းမပြုဘဲ ယင်းနေ့တွင် တမူးမြို့၌ စစ်ကောင်စီလက်အောက်ခံ အုပ်ချုပ်ရေးအဖွဲ့အစည်းများကဦးဆောင်၍မီးသင်္ဂြိုဟ်ခဲ့ကြောင်းသိရှိရသည်။

၂။ အထက်ပါသတ်ဖြတ်မှုကိုကျူးလွန်သူများမှာ တမူးမြို့ရှိ ပျူစောထီးခေါင်းဆောင်တစ်ဦးဖြစ်သည့် မောင်လေးဝင်းဆိုသူ၏ညွှန်ကြားချက်အောက်၌ ပျူစောထီးအဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ဖိုးစိန်နှင့် ဇော်ရဲဆိုသူတို့ ဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်မှတာဝန်ရှိပြည်သူ့အဖွဲ့အစည်းများ၏တင်ပြချက်အရ သိရှိရသည်။ ဤသတ်ဖြတ်မှုများတွင် စစ်ကောင်စီ၏ ညွှန်ကြားမှုဖြင့် ပျူစောထီးနှင့်ဆက်စပ်မှုရှိသော အိန္ဒိယ ကသည်း သောင်းကျန်းသူများလည်းပါဝင်ပတ်သတ်နေမှုရှိနေသည်ဟု သိရှိရပါသည်။ ကသည်းသောင်းကျန်းသူအုပ်စုများသည် အကြမ်းဖက်စစ်ကောင်စီနှင့် ကူညီပူးပေါင်းပြီး ဒီမိုကရေစီအင်အားစုများကို တိုက်ခိုက်ခဲ့သည့် သာဓကများစွာ ရှိပါသည်။

၃။ လုပ်ကြံသတ်ဖြတ်ခြင်းခံရသူများမှာ မိုရေးမြို့တွင်နေထိုင်သည့် တမီးလ်လူမျိုးများဖြစ်ပြီး၊ မည်သူမည်ဝါဖြစ်ကြောင်း အလွယ်တကူစုံစမ်းသိရှိနိုင်သူများသာဖြစ်သည်။ သို့ရာတွင် နိုင်ငံခြားသားနှစ်ဦး အသတ်ခံရခြင်းအား စနစ်တကျအမှုဖွင့်ဆောင်ရွက်ခြင်း၊ အိန္ဒိယနိုင်ငံဘက်သို့အကြောင်းကြားခြင်းစသည်တို့ မပြုဘဲ တမူးမြို့ရှိ စစ်ကောင်စီလက်အောက်ခံအုပ်ချုပ်ရေးဆောင်ရွက်သူများကိုယ်တိုင် ယင်းနေ့တွင်ပင် အဆောတလျင်

မီးသင်္ဂြိုဟ်ဖျောက်ဖျက်လိုက်ခြင်းသည် ယင်းသတ်ဖြတ်မှု၏ နောက်ကွယ်၌ စစ်ကောင်စီလက်အောက်ခံ အဖွဲ့အစည်းများပါဝင်ပတ်သက်နေသည်ကို သုံးသပ်နိုင်သည်။

၄။ ယခုဖြစ်ရပ်ကိုကျူးလွန်သူများမှာ ပျူစောထီးအဖွဲ့ဝင်များဖြစ်ကြောင်း တမူးမြို့နှင့် မိုရေးမြို့များတွင်နေထိုင်သူ ပြည်သူအများ သိနေကြသည့်ကိစ္စဖြစ်သော်လည်း စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူဆိုသူ ဇော်မင်းထွန်းက ယင်းဖြစ်ရပ်ကိုကျူးလွန်သူများမှာ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များဖြစ်သည်ဟု ၇/၇/၂၀၂၂ ရက်နေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် စွပ်စွဲထားပြီး၊ အမှန်တရားကို ပြောင်လိမ်လည်ပြင်းဆိုထားသည်။

၅။ ပျူစောထီးအပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၊ စစ်ကောင်စီလက်အောက်ခံရဲတပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံအနှံ့အပြားတွင် ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ လူမဆန်ရက်စက်စွာ နှိပ်စက်သတ်ဖြတ်ခြင်း စသည်တို့ကို အရပ်သားပြည်သူများအပေါ် ပြုကျင့်လျက်ရှိသည်။ ထိုသို့ပြုကျင့်သည့်ဖြစ်ရပ်များစွာ၏ ခိုင်လုံသောမှတ်တမ်းမှတ်ရာများကိုလည်း မိမိတို့ ရရှိထားပါသည်။

၆။ ယခုဖြစ်ရပ်မှာ မြန်မာ့အရေးကိစ္စသည် ပြည်တွင်းရေးကိစ္စ သက်သက်မဟုတ်ပဲ အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများ၏ လုံခြုံငြိမ်းချမ်းရေး နှင့် လူသားမျိုးနွယ်စုတစ်ရပ်လုံး၏ လုံခြုံငြိမ်းချမ်းရေးတို့ကို ထိပါးလာသည့် လူသားတိုင်းကာကွယ်တားဆီးရမည့် အရေးကိစ္စတစ်ခုဖြစ်ကြောင်းကို မီးမောင်းထိုးပြလျက်ရှိသော ဖြစ်ရပ်များစွာထဲက တစ်ခုဖြစ်သည်မှာ ထင်ရှားပါသည်။ ယခုကဲ့သို့ သတ်ဖြတ်ခြင်းခံရသည့် Mr. P. Mohan နှင့် Mr Aiyanar တို့၏ ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲဖြစ်ရပါကြောင်းနှင့် ၎င်းတို့အတွက် တရားမျှတမှုရရှိနိုင်ရေး မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်အဆင်သင့်ရှိပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ